# PRESS RELEASE

## U.S. EMBASSY RANGOON

110 University Avenue, Kamayut Township, Rangoon, Burma

**မြန်မာ နည်းပညာစခန်းသွင်းလေ့ကျင့်မှု - အနာဂတ်မျိုးဆက်အတွက် မီဒီယာသိနားလည်မှု**

ဒီဇင်ဘာ ၄၊ ၂၀၁၈

ရန်ကုန်၊ မြန်မာ။ ။ ရန်ကုန် အမေရိကန်စင်တာတွင် ယခုသီတင်းပတ် ဒီဇင်ဘာ ၅ ရက် (ဗုဒ္ဓဟူးနေ့) မှ ဒီဇင်ဘာ ၇ ရက် (သောကြာနေ့) အထိ မြန်မာနိုင်ငံအတွင်း မီဒီယာသိနားလည်မှုဆိုင်ရာ မြှင့်တင်ရေး နစ်ရက်ခွဲတာ အစီအစဉ် ပြုလုပ်မည် ဖြစ်ပါသည်။ "နည်းပညာစခန်းသွင်းလေ့ကျင့်မှု - အနာဂတ်မျိုးဆက်အတွက် မီဒီယာသိနားလည်မှု" အစီအစဉ်တွင် မြန်မာနိုင်ငံအတွင်း မီဒီယာသိနားလည်မှု ဦးဆောင်လှုပ်ရှားရေးကွန်ရက် ပိုမိုအားကောင်းစေရန်အတွက် နိုင်ငံတစ်ဝန်းမှ ဂျာနယ်လစ်များ၊ အသိပညာပေး ဆောင်ရွက်နေသူများနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ လူပေါင်း ၅၀ ကျော် ပါဝင်ကြမည်ဖြစ်သည်။ ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံတစ်ဝန်း ဒစ်ဂျစ်တယ်မီဒီယာ သိနားလည်မှု ပိုမိုအားကောင်းရေးဆောင်ရွက်ရာတွင် တွေ့ကြုံရသော စိန်ခေါ်မှုများကို နည်းပညာဖြင့် ဖြေရှင်းနိုင်ရန်အတွက် အပြန်အလှန် လေ့လာသင်ကြားမှုသင်ခန်းစာများ၊ အဖွဲ့ငယ်များဖြင့် ကျွမ်းကျင်မှုစွမ်းရည် မြှင့်တင်ရေး လက်တွေ့ဆောင်ရွက်မှုများမှတစ်ဆင့် ပြည်တွင်းနှင့် နိုင်ငံတကာမှ နည်းပညာ လေ့ကျင့်သင်တန်းပေးသူများနှင့် ချိတ်ဆက်၍ စူးစမ်းဖော်ထုတ်သွားကြမည်ဖြစ်သည်။

မီဒီယာသိနားလည်မှုက မည်သည့်အတွက်ကြောင့် အရေးကြီးရပါသနည်း။ ယနေ့မီဒီယာအခင်းအကျင်းအခြေအနေအရ သတင်းရယူသုံးစွဲသူများအနေဖြင့် အချက်အလက်များကို သေသေချာချာအကဲဖြတ်နိုင်ရေး၊ ဒစ်ဂျစ်တယ်အခင်းအကျင်း ပြောင်းလဲနေမှု နောက်ကို လိုက်နိုင်ရေးနှင့် ပဋိပက္ခကိုခံနိုင်ရည်ရှိသော လူမှုအသိုက်အဝန်းများတည်ဆောက်ရေးက လွန်စွာအရေးကြီးလှပါသည်။ ဤအစီအစဉ်သည် ငြိမ်းချမ်းသာယာသောဒီမိုကရက်တစ် မြန်မာနိုင်ငံတစ်ခုကို အမေရိကန် ပြည်ထောင်စုက အားပေးကူညီသော နည်းလမ်းတစ်ခုဖြစ်ပါသည်။

အမေရိကန်သံရုံးသည် "နည်းပညာစခန်းသွင်းလေ့ကျင့်မှု - အနာဂတ်မျိုးဆက်အတွက် မီဒီယာသိနားလည်မှု" အစီအစဉ်ကို Myanmar Book Aid Preservation Foundation (MBAPF) နှင့် လက်တွဲဆောင်ရွက်နေပါသည်။ ဤအစီအစဉ်သည် မြန်မာနိုင်ငံအတွင်း နည်းပညာစခန်းသွင်းလေ့ကျင့်မှု (TechCamp) ဒုတိယအကြိမ်ဖြစ်ပြီး ပွင့်လင်းမြင်သာမှုနှင့် အရပ်ဘက် ဆက်ဆံရေးကို အဓိကထားသော TechCamp တစ်ခုကို ၂၀၁၆ ခုနှစ်ကနောက်ဆုံးပြုလုပ်ခဲ့ပါသည်။

ယခုသီတင်းပတ်ပြုလုပ်မည့် TechCamp အစီအစဉ်အတွက်လေ့ကျင့်သင်တန်းပေးမည့်ပုဂ္ဂိုလ်များမှာ Facebook, Google News, the Smithsonian, Myanmar Now, MIDO, Consensys, Phandeeyar, Myanmar CinemAbility, AIT Computer Co. Ltd နှင့် MBAPF တို့မှလာရောက်မည်ဖြစ်ပါသည်။

သင်တန်းဆရာများ၏ အတ္ထုပ္ပတ္တိများ၊ အာဂျင်ဒါများနှင့် ပိုမိုသိရှိလိုသော အကြောင်းအရာများအတွက် https://techcamp.america.gov/techcamps/techcamp-myanmar-2/ တွင်ကြည့်ရှုနိုင်ပါသည်။

####